**Message Three**

# အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်သည် အရာရာ၌ ဦးဆုံးနေရာတွင်ရှိခြင်း

## The All-Inclusive, Extensive Christ Having the Preeminence in All Things

ဖတ်ရန်ကျမ်း။ ။ ကော၊၁း၁၅၊ ၁၈၊ ၃း၄၊ ၁၀–၁၁၊ ၁၇။ ဗျာ၊ ၂း၄။ ဒံ၊၇း၉–၁၀။

**I. ဘုရားသခင်၏ စီမံခန့်ခွဲခြင်း၌ သူ၏ အကြံအစည်တော်မှာ ခရစ်တော်ကို အရာရာ၌ ဦးဆုံးနေရာပေးပြီး၊ ခရစ်တော်ကို အရာအားလုံး၏ ပထမနေရာ၌ရှိစေရန် ဖြစ်သည် – ကော၊၁း၁၅၊ ၁၈။**

က။ မြေကြီးတစ်ပြင်လုံး၏ အခြေအနေမှာ ခရစ်တော်သည် အလယ်ဗဟိုဖြစ်သည်ဟူသော ကိုယ်တော်၏ စီမံကိန်း၌ရှိသည့် သူ၏ အကြံအစည်တော်နှင့် ကိုက်ညီစေရန် ကောင်းကင်များ၌ရှိသော ဘုရားသခင်အားဖြင့် ကောင်းကင်များ၏ အုပ်စိုးမှုအောက်တွင်ရှိသည် – ဒံ၊၇း၉–၁၀၊ ၄း၃၄–၃၅။ ဧ၊၁း၁၀။

ခ။ ခရစ်တော်သည် အရာရာ၌ ဦးဆုံးနေရာတွင်ရှိစေရန်အတွက် ဘုရားသခင်သည် လူကို လိုအပ်သည်။ ဘုရားသခင်သည် လူကိုရရှိခြင်းမှလွဲ၍ ခရစ်တော်ကို ဦးဆုံးနေရာ၌ရှိစေရန် နည်းလမ်းရှိမည်မဟုတ်ပါ – ကော၊၁း၁၈၊ ၃း၁၀–၁၁။

ဂ။ ဘုရားသခင်၏ ကောင်းကင်ဆိုင်ရာ အုပ်စိုးမှုအောက်၌ သူသည် ခရစ်တော်ကို ကျွန်ုပ်တို့၌ အလယ်ဗဟိုဆိုင်ရာ(ပထမ)နှင့် စကြာဝဠာဆိုင်ရာ(အရာခပ်သိမ်း)ဖြစ်စေရန် ပတ်ဝန်းကျင်ကို အသုံးပြုနေသည် – ရော၊၈း ၂၈။ ကော၊၁း၁၈။၊ ၂၇၊ ၃း၄၊ ၁၀–၁၁။

**II. ခရစ်တော်သည် ဘုရားသခင်၏ စီမံကိန်း၌ ပထမနေရာ၊ ဦးဆုံးနေရာတွင်ရှိသည်။**

က။ ခရစ်တော်သည် ဦးဆုံးနေရာ၌ရှိသောအရှင်၊ အရာရာ၌ ပထမနေရာတွင်ရှိသောအရှင်ဖြစ်သည်–ကော၊၁း၁၈။

ခ။ ခရစ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ဦးခေါင်းအရိုက်အရာ၌ ဦးဆုံးနေရာတွင်ရှိသည်။ ပထမဦးဆုံး ခမည်းတော်သည် သားတော်ကို ချီးမြှင့်ခဲ့ပြီး၊ တတိယတွင် ဝိညာဉ်တော်သည် သားတော်နှင့်စပ်လျဉ်း၍ အမြဲသက်သေခံသည် – ၂ကော၊၁၃း၁၄။ ဖိ၊ ၂း၉။ ယော၊ ၁၅း ၂၆။

ဂ။ ခရစ်တော်သည် ဘုရားသခင်၏ ချီးမြှင့်ခြင်း၌ ဦးဆုံးနေရာတွင်ရှိသည် – တ၊ ၂း၃၃က။ ဧ၊၁း ၂၂။

၁။ ခရစ်တော်သည် တတိယကောင်းကင်၌ ဘုရားသခင်၏ လက်ယာတော်ဘက်သို့ ချီးမြှင့်ခံခဲ့ရသည် – တ၊ ၂း၃၃က။

၂။ ခရစ်တော်ကို ဘုရားသခင်၏ ချီးမြှင့်ခြင်း၌ သူ့အား အလုံးစုံတို့၏ ဦးခေါင်းတော်ဖြစ်စေတော်မူခဲ့သည် – ဧ၊၁း ၂၂။

ဃ။ ဖန်ဆင်းခြင်းဟောင်းနှင့် ဖန်ဆင်းခြင်းသစ်နှစ်ခုစလုံး၊ စကြာဝဠာနှင့် အသင်းတော်နှစ်ခုစလုံးတို့၌ ခရစ်တော်သည် ဦးဆုံးနေရာ၊ ပထမနေရာတွင် နေရာယူထားသည် – ကော၊၁း၁၅၊ ၁၈။

င။ ခရစ်တော်သည် ပထမနေရာ၌ရှိရန်ဆိုသည်မှာ သူသည် အလုံးစုံဖြစ်တော်မူခြင်းကို ဆိုလိုသည်။ ခရစ်တော်သည် စကြာဝဠာနှင့် အသင်းတော်၌ ပထမနေရာဖြစ်သောကြောင့် ကိုယ်တော်သည် စကြာဝဠာနှင့် အသင်းတော်တို့၌ အလုံးစုံဖြစ်ရမည်ဖြစ်သည် – ၃း၁၀–၁၁။

**III. ခရစ်တော်သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်စကြာဝဠာ၌ ဦးဆုံးနေရာတွင်ရှိသင့်သည် – အငယ်၊၁၇။ ၁ကော၊၁၀း၃၁။**

က။ ခရစ်တော်သည် ဦးဆုံးနေရာ၌ရှိစေရန်အတွက် ဘုရားသခင်၏ လူများအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသောသူများဖြစ်သော ကျွန်ုပ်တို့သည် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာ အုပ်စိုးမှုအောက်တွင် ရှိသည် – ဒံ၊၄း ၂၆။ မ၊၅း၃။

ခ။ ပထမနေရာဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့၏ အသင်းတော်အသက်တာ၊ မိသားစုအသက်တာနှင့် နေ့စဉ်အသက်တာတို့၌ အလယ်ဗဟိုဆိုင်ရာနှင့် စကြာဝဠာဆိုင်ရာဖြစ်ရမည်ဖြစ်သည် – ကော၊၃း၁၇။ ၁ကော၊၁၀း၃၁။

ဂ။ ဘုရားသခင်၏ ကောင်းကင်ဆိုင်ရာအုပ်စိုးမှုအောက်၌ အရာခပ်သိမ်းသည် ကျွန်ုပ်တို့ကောင်းကျိုးအဖို့ အတူတကွလုပ်ဆောင်ကြသည်။ ဤအရာသည် အထူးသဖြင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်စကြာဝဠာ၌ဖြစ်ပျက်သောအရာများ၏ စစ်မှန်ခြင်းဖြစ်သည် – ရော၊၈း ၂၈။

၁။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်စကြာဝဠာတွင် မိမိကိုယ်ကိုယ်၊ ကျွန်ုပ်တို့၏ မိသားစုများနှင့် အသင်းတော်တို့ ပါဝင်သည်။

၂။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်စကြာဝဠာတွင် ခရစ်တော်ကို ပထမနေရာဖြစ်စေရန်ရည်ရွယ်ချက်အတွက် တစ်နေ့ပြီးတစ်နေ့ များစွာသောအရာတို့သည် ဖြစ်ပျက်သည်။ ကျွန်ုပ်တို့သည် ဤအရာကို သိနားလည်ရန်လိုအပ်ပြီး၊ ဘုရားသခင်၏ ကောင်းကင်ဆိုင်ရာအုပ်စိုးမှုကို နာခံရမည်ဖြစ်သည် – ဧ၊၁း၁၁။ ဗျာ၊၄း၁၁။

ဃ။ ခရစ်တော်ကို အရာရာ၌ ပထမနေရာရှိစေရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကိုက်ညှိပြုပြင်ခြင်းခံရရန်၊ ကျိုးပဲ့ခြင်းခံရရန်နှင့် ဘာမျှမဟုတ်သောသူဖြစ်ရန် အလိုဆန္ဒရှိရမည်ဖြစ်သည်။ သို့မှသာ သခင်ဘုရားသည် ရှင်သန်သော ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်အတွက် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့အားဖြင့်နှင့် ကျွန်ုပ်တို့အလယ်၌ နည်းလမ်းရှိနိုင်မည်ဖြစ်သည် – ဧ၊၃း၁၇၊ ၁၄း၁၆။

င။ ကျွန်ုပ်တို့သည် ပထမနေရာ၌ရှိသော ခရစ်တော်၏ ရုပ်ပုံရှိမည်ဆိုပါက ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းနှင့် အသင်းတော်အသက်တာသည်

လုံးလုံးပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့က အရာရာ၌ ခရစ်တော်သည် ပထမနေရာ၌ရှိရမည့်အကြောင်း သိနားလည်လာလိမ့်မည်ဖြစ်သည် – ကော၊၁း၁၈။

## IV. ခရစ်တော်သည် ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာ၌ ပထမနေရာတွင်ရှိရမည် – ဗျာ၊၂း၄။

က။ သခင်ဘုရားကို အရာရာ၌ ပထမနေရာပေးရန်မှာ ကိုယ်တော့်ကို ရှေ့ဦးမေတ္တာဖြင့် ချစ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏ ရှေ့ဦးမေတ္တာကို ထိန်းသိမ်းထားပြီး၊ တိုးတက်လာရန်လိုအပ်သည် – အငယ်၊၄။

ခ။ တစ်ဦးတစ်ယောက်က ချစ်သောအရာတိုင်းသည် သူ၏ စိတ်နှလုံးတစ်ခုလုံးနှင့် သူ၏ဖြစ်ခြင်းတစ်ခုလုံး၌ပင်လျှင် တည်ရှိ၍၊ သိမ်းပိုက်ထားခြင်းခံရကာ ရယူပိုင်ဆိုင်ခြင်းခံရသည် – ၁တိ၊၆း၁၀။ ၂တိ၊၃း ၂–၄။ ၄း၈၊ ၁၀က။ တိ၊၁း၈။

ဂ။ အသင်းတော်၏ အောင်မြင်ခြင်း၌ ဘုန်းတော်နှင့်ပြည့်စုံသောနေ့ရက် သို့မဟုတ် အသင်းတော်ကျဆင်းခြင်း၌ စိတ်ဒုက္ခခံစားရသောနေ့ရက်များရှိလာမည်၊ ရှိမလာမည်ဆိုသည်မှာ ကျွန်ုပ်တို့၌ မည်ကဲ့သို့သော ချစ်ခြင်းရှိခြင်းအပေါ် တွင် မူတည်သည် – ဗျာ၊ ၂း၄။ ၂တိ၊ ၃း ၂–၄။

ဃ။ သခင်ဘုရားကိုချစ်သော ကျွန်ုပ်တို့၏ ချစ်ခြင်းမေတ္တာသည် လုံးလုံးလျားလျားဖြစ်ရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထက် မည်သူတစ်ဦးတစ်ယောက် သို့မဟုတ် မည်သည့်အရာကိုမျှ မချစ်သင့်ပါ – မ၊၁၀း၃၇–၃၉။

င။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ရှေးဦးစွာချစ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ချစ်ကြ၍၊ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်၏ မေတ္တာတော်အနှစ်သာရကို ဖြန့်ဖြူးပေးကာ၊ ကိုယ်တော့်ကို ကျွန်ုပ်တို့ချစ်သော ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အတွင်း၌ ဖြစ်ဖွားစေသည် – ၁ယော၊၄း၁၉၊ ၈၊ ၁၆။

စ။ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာဖြစ်သော ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်၍ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းအတိုင်း သခင်ဘုရားကို ချစ်ကြ၏ –ရော၊ ၅း၅။ ၈း၃၅၊ ၃၉။ ၁၅း၃၀။

## V. ခရစ်တော်သည် ကျွန်ုပ်တို့၏ သုံးပိုင်းဖြစ်ခြင်း၌ ပထမနေရာတွင်ရှိသင့်သည် – ကော၊၁း ၂၇။ ၃း၄၊ ၁၀–၁၁၊ ၁၅–၁၆။

က။ ကျွန်ုပ်တို့သည် ကောင်းကင်များ၌ ချီးမြှောက်ခံရသော ခရစ်တော်ကို ကိုးကွယ်ကြသော်လည်း၊ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကိန်းဝပ်နေသော ခရစ်တော်ကို တွေ့ကြုံခံစား၊ မွေ့လျော်ဝမ်းမြောက်ပြီး ပါဝင်ဆက်ဆံကြသည် – အငယ်၊၁၊ ၁ကော၊၆း၁၇။ ဧ၊၃း၁၇။

၁။ ကျွန်ုပ်တို့၌ ကိန်းဝပ်နေသော ခရစ်တော်သည် သေးငယ်သော၊ အကန့်အသတ်ရှိသော ခရစ်တော်မဟုတ်ဘဲ၊ အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ပထမနေရာ၌ရှိသော ခရစ်တော်ဖြစ်သည် – ကော၊၁း၁၅–၁၆၊ ၁၈–၁၉။

၂။ ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကိုယ်တော်သည် အရာခပ်သိမ်းဖြစ်လာသည့်တိုင် အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့် သော၊ ပထမနေရာ၌ရှိသော ခရစ်တော်ဖြင့် ဖြန့်ဖြူးခြင်း၊ ပျော်ဝင်ပြည့်ဝခြင်းနှင့် စိမ့်ဝင်ပျံ့နှံ့ခြင်းရှိရန် လိုအပ်သည် – ၂း၁၆–၁၇၊ ၃း၄၊ ၁၀–၁၁။

ခ။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်သောကြောင့် ကိုယ်တော်ဖြစ်သောအရာနှင့် ကိုယ်တော်ရောက်ရှိခဲ့သော၊ ရရှိခဲ့သောအရာတိုင်းသည် ကျွန်ုပ်တို့အဖို့ အတွင်းပိုင်းဆိုင်ရာဖြစ်လာသည်။ စကြဝဠာဆိုင်ရာအရ ခရစ်တော်သည် ကြီးမားကျယ်ပြန့်သော်လည်း၊ ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းဖြစ်သည် – အငယ်၊၄။ ရော၊၈း၃၄၊ ၁၀။

ဂ။ ပါဝင်သောအရာနှင့် စေ့စပ်ထုံးဖွဲ့ထားသောအရာများသည် အရာအားလုံးပါဝင်သော၊ ကြီးမားကျယ်ပြန့်သော ခရစ်တော်သာ ဖြစ်သင့်ပါသည် – ကော၊၃း၁၀–၁၁။

ဃ။ ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံး၌ ဖြည့်ခြင်းခံရရန်နှင့် ကျွန်ုပ်တို့ဇာတိအသက်တာ၏ သွင်ပြင်တိုင်း၌ အစားထိုးခံရရန် ခရစ်တော်ကို အခွင့်ပေးရမည်ဖြစ်သည် – ဧ၊၃း၁၇။ ကော၊၃း၁၀–၁၁။

## VI. ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးဆိုင်ရာ အတွေ့အကြုံများ၌ ပထမနေရာတွင် ရှိသင့်သည် – ၁း၁၈၊ ၂၇၊ ၂း၉–၁၃၊ ၂၀၊ ၃း၁–၄။

က။ ခရစ်တော်၏ သမိုင်းသည် ခရစ်ယာန်များ၏ တွေ့ကြုံခံစားမှုဖြစ်ပြီး၊ ခရစ်တော်၏ တွေ့ကြုံခံစားမှုသည် ခရစ်ယာန်များ၏ သမိုင်းဖြစ်သည် – ၁ကော၊၁း၃၀။ ရော၊၆း၃–၅။ ဂလ၊ ၂း ၂၀။ ဧ၊ ၂း၅–၆။

၁။ ခရစ်တော်၏ သမိုင်းသဥည် ကျွန်ုပ်တို့အတွေ့အကြုံနှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးဆိုင်ရာ သမိုင်းဖြစ်လာသည် – ရော၊၁၄း၁၉ခ။ ဂလ၊ ၂း ၂၀။

၂။ ခရစ်တော်နှင့် ရှင်သန်သောပေါင်းစည်းခြင်း၌ ခရစ်တော်ဖြတ်ကျော်ခဲ့သော အရာတိုင်းသည် ကျွန်ုပ်တို့၏ သမိုင်းဖြစ်လာသည် – ယော၊၁၅း၁၊ ၄–၅။

ခ။ ကောလောသဲစာစောင်၌ရှိသော စကားစုများသည် ခရစ်တော်အား ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းကို ညွှန်ပြထားသည်။ ဤထင်ရှားဖော်ပြချက်များမှာ ကျွန်ုပ်တို့က ခရစ်တော်ကို သင့်လျော်မှန်ကန်သောတွေ့ကြုံခံစားခြင်း၏ ပြည့်စုံသော ရုပ်ပုံကားချက်ကို ပေးသည် – ၁း ၂၇–၂၀၊ ၂း၆၊ ဂ၊ ၁၃၊ ၁၉– ၂၀။

## VII. ခရစ်တော်သည် ကျွန်ုပ်တို့၏ လူသားအသက်ရှင်ခြင်းတွင် ပထမနေရာ၌ရှိသင့်သည် – ၃း၁၈–၄း၁။

က။ ဘုရားသခင်၏ အလိုဆန္ဒမှာ ခရစ်တော်သည် လူသားအသက်တာအားဖြင့် ထင်ရှားစေရန်ဖြစ်သည် – ဖိ၊၁း၁၉–၂၁က။

ခ။ ယုံကြည်သူများ၏ အသက်ရှင်ခြင်းသည် ခရစ်တော်နှင့်အတူ ပေါင်းစည်းခြင်း၌ဖြစ်ရမည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်း၌ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန် လိုအပ်ကြောင်းဆိုလိုသည် – ၁ကော၊၆း၁၇။ ယော၊၁၅း၄–၅။

၁။ သခင်ယေရှုသည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ရန် လိုအပ်သည် – ၁၀း၃၀၊ ၁၄း၁၀၊ ၆း၅၇။

၂။ ကျွန်ုပ်တို့နှင့် ခရစ်တော်သည် ယခု အသက်တစ်ခုနှင့် အသက်ရှင်ခြင်းတစ်ခုတည်းရှိသင့်ပါသည်။ သားတော်၏ အသက်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်လာပြီး၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် သားတော်၏ အသက်ရှင်ခြင်းဖြစ်လာသည် – ဂလ၊ ၂း ၂၀။

၃။ ခရစ်တော်နှင့်အတူ ပေါင်းစည်းခြင်း၌ ယုံကြည်သူများ၏ အသက်ရှင်ခြင်းသည် သူတို့၏ လူသားအသက်ရှင်ခြင်း၌ ခရစ်တော်၏ ထင်ရှားခြင်း အကျိုးရလဒ်ကို ရရှိစေသည် – ကော၊၃း၁၈–၄း၁။

ခ။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ နာမ၌ အရာအားလုံးကို လုပ်ဆောင်သင့်ပါသည် – ၃း၁၇။

၁။ အမည်နာမသည် ပုဂ္ဂိုလ်ကို ရည်ညွှန်းပြီး၊ သခင်ဘုရား၏ ပုဂ္ဂိုလ်တော်သည် ဝိညာဉ်တော်ဖြစ်သည် – ၂ကော၊၃း၁၇က။

၂။ သခင်ဘုရား၏ နာမ၌ အရာများကို လုပ်ဆောင်ခြင်းမှာ ဝိညာဉ်တော်၌ ပြုမူလုပ်ဆောင်ရန်ဖြစ်သည်။ ဤသည်မှာ ခရစ်တော်ကို အသက်ရှင်ရန်နှင့် ကျွန်ုပ်တို့၏ လူသားအသက်ရှင်ခြင်း၌ ကိုယ်တော့်ကို ပထမနေရာပေးရန်ဖြစ်သည် – ကော၊၁း၁၈။

© 2019 Living Stream Ministry